# အိန္ဒိယနိုင်ငံ၌ စားတော်ပဲတင်သွင်းမှု လျှော့ချကန့်သတ်ခြင်း

၁။ အိန္ဒိယနိုင်ငံတွင် ကန့်သတ်တင်သွင်းကုန်စည်အဖြစ် သတ်မှတ်ထားသည့် စားတော်ပဲ (HS code 07131000) အုပ်စုဝင် ပဲများတင်သွင်းမှုကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း တန်ချိန် ၁ ဒသမ ၅ သိန်း တင်သွင်းရန် ဗဟိုအစိုးရက ခွဲတမ်းသတ်မှတ်ထားရှိသော်လည်း ဒေသန္တရ တရားရုံးများ၏ ခွင့်ပြုမိန့်ဖြင့် တင်သွင်းမှုများက တန်ချိန် ၅ ဒသမ ၅ သိန်းအထိ ရောက်ရှိခဲ့သည်။ သို့ဖြစ်ရာ အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနသည် စားတော်ပဲတင်သွင်းမှုအား ထပ်မံလျှော့ချ ကန့်သတ်သည့် အမိန့်ကြော်ငြာစာတစ်စောင်ကို ၁၈.၁၂.၂၀၁၉ နေ့တွင် ထုတ်ပြန်လိုက်ပါသည်။

၂။ အဆိုပါ အမိန့်ကြော်ငြာစာအရ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် စားတော်ပဲများအား ဆိပ်ကမ်းအရောက်တန်ဖိုး ၁ ကီလိုဂရမ်လျှင် ရူပီးငွေ ၂၀၀ အနိမ့်ဆုံးနှုန်းထား သတ်မှတ်ချက် (Minimum Import Price) ဖြင့် ကိုလ်ကတ္တားမြို့ ဆိပ်ကမ်းမှသာ တင်သွင်းခွင့်ရရှိတော့မည်ဖြစ်သည်။ သို့ဖြစ်ရာ စားတော်ပဲ အပေါ် လက်ရှိကောက်ခံလျက်ရှိသော သွင်းကုန်ခွန် ၅၀% သတ်မှတ်ချက်အရ တင်သွင်းလာမည့် စားတော်ပဲ ၁ ကီလိုဂရမ်လျှင် မူရင်းဈေး ရူပီးငွေ ၃၀၀ ရှိမည်ဖြစ်ပြီး သယ်ယူပို့ဆောင်စရိတ်နှင့် အခြားသောစရိတ်စကများ ထပ်ဆောင်းပါက ပြည်တွင်းဈေးကွက်၌ ရောင်းချရာတွင် ရူပီး ၃၃၀ မှ ၃၄၀ အကြား ကျသင့်မည်ဖြစ်သည်။

၃။ အိန္ဒိယနိုင်ငံ၌ စားတော်ပဲကို မိုးသီးနှံအဖြစ်စိုက်ပျိုးပြီး နိုဝင်ဘာ/ ဒီဇင်ဘာလများ၌ ထွက်ပေါ်လေ့ရှိသော်လည်း ပဲလုံးအစိုအဖြစ်သာထုတ်လုပ်မှုရှိသည်။ စားတော်ပဲအုပ်စုဝင် ပဲအခြောက်များအား ပြည်ပမှသာတင်သွင်းပြီး နှစ်စဉ် ပြည်တွင်းဈေးကွက်၌ လိုအပ်ချက်မှာ ပျမ်းမျှအားဖြင့် တန်ချိန် ၂ ဒသမ ၅ သိန်းခန့်ရှိသည်။ ယခင်လများ၌ လက်လီဈေးကွက် ရောင်းဈေး ၁ ကီလိုဂရမ်လျှင် ၄၅ ရူပီးခန့်ရှိသော စားတော်ပဲအဝါ (Yellow Pea) သည် ဒီဇင်ဘာလဆန်းပိုင်းတွင် ရူပီး ၁၀၀ ခန့်အထိ ဈေးနှုန်းများ မြင့်တက်ပြီး တင်သွင်းမှုပိုမိုများပြားလာခဲ့သည်။ သို့ဖြစ်ရာ စားတော်ပဲနေရာတွင် အရန်လက်ကျန်တန်ချိန် ၁ ဒသမ ၅ သန်းခန့်ရှိသော ကုလားပဲအား ဈေးကွက်တောင်းဆိုချက်မြင့်တက်လျက် အစားထိုး စားသုံးလာစေရန် အစိုးရက ယခုကဲ့သို့ ကြေညာချက်ထုတ်ပြန် ကန့်သတ်လိုက်ခြင်း ဖြစ်ကြောင်း သုံးသပ်ရသည်။

၄။ စားတော်ပဲသည် ပြည်ပမှသာ တင်သွင်းရရှိနိုင်သည့် ကုန်စည်အမယ်ဖြစ်ပြီး ပြည်တွင်းဈေးကွက်အတွင်း ၎င်း၏နေရာ၌ အစားထိုးနိုင်သည့် ထုတ်ကုန်မရှိသဖြင့် ပြည်တွင်းစားသုံးသူများအတွက် အနိမ့်ဆုံးအားဖြင့် စားတော်ပဲအစိမ်း (Green Pea) ကို ကန့်သတ်ကုန်စည်အဖြစ်မှ ပယ်ဖျက်လျက် ဆိပ်ကမ်းအရောက်တန်ဖိုး ၁ ကီလိုဂရမ်လျှင် ရူပီးငွေ ၂၀၀ အနိမ့်ဆုံးနှုန်းထားသတ်မှတ်ချက်ကို ဖြေလျှော့ပေးရန် အိန္ဒိယပဲမျိုးစုံနှင့်ကောက်ပဲသီးနှံအသင်း (IPGA) က အစိုးရထံတောင်းဆိုထားသည်။ ယခုအခါ အိန္ဒိယပဲကုန်သည်များအနေဖြင့် ၎င်းတို့၏ ပြည်ပကုန်သွယ်ဘက်လုပ်ငန်းရှင်များနှင့် စားတော်ပဲဝယ်ယူမှု စာချုပ်အသစ်များ ထပ်မံချုပ်ဆိုမှုမပြုကြောင်း၊ လက်ရှိတင်သွင်းရန် ကျန်ရှိသည့် ကုန်သေတ္တာများကိုလည်း တင်သွင်းမှုမပြုပဲ အစိုးရက ဖြေလျှော့ပေးမည့် အခြေအနေကို စောင့်ဆိုင်းလျက်ရှိကြောင်း သိရှိရသည်။



(နေအေးလွင်)
စီးပွားရေးသံမှူး
မြန်မာသံရုံး၊ နယူးဒေလီမြို့

Source: 1. Pea price doubles in a week as imports grind to a halt over govt curbs, 26 Dec 2019, Business Standard

2. Notification No.37/2015-2020, 18 Dec 2019, Ministry of Commerce and Industry of India